မြန်မာနိုင်ငံဆေးပညာရှင်များအသင်း
BURMA MEDICAL ASSOCIATION
Phone/Fax: +66 55 544495,E-mail:bmahqs08@yahoo.com, P.O.Box-21,Mae Sot,Tak,63110,Thailand

# မြန်မာနိုင်ငံဆေးပညာရှင်များအသင်း ဒသမအကြိမ်ညီလာခံ ထုတ်ပြန်ကြေငြာချက်

ရက်စွဲ- (၂၀၂၁)ခုနှစ် ဇွန်လ (၃၀)ရက်

မြန်မာနိုင်ငံဆေးပညာရှင်များအသင်း (BMA) ၏ ဒသမအကြိမ်ညီလာခံကို ၂၀၂၁ ခုနှစ် ဇွန်လ ၂၉ ရက်နေ့မှ ဇွန်လ ၃၀ ရက်နေ့အထိ ထိုင်းမြန်မာနယ်စပ်တနေရာတွင် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံဆေးပညာရှင်များအသင်း၏ အဖွဲ့ဝင် ညီလာခံကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအဖြစ်ဖိတ်ကြားထားသည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကိုယ်စားလှယ်များအပါအဝင် စုစုပေါင်း ( ၉၀ ) ဦးကျော် တက်ရောက်ခဲ့ကြပါသည်။ ညီလာခံဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံဆေးပညာရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာစင်သီယာမောင်မှ အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးအစိုးရ ကျန်းမာရေးနှင့်ပညာရေးဝန်ကြီး ဒေါက်တာဇော်ဝေစိုးက နှုတ်ခွန်းဆက်အမှာစကား ပြောကြားခဲ့ပါသည်။

ညီလာခံတွင် မြန်မာနိုင်ငံဆေးပညာရှင်များအသင်း အလုပ်အမှုဆောင်ကော်မတီက နဝမအကြိမ်ညီလာခံသက်တမ်းအတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအစီရင်ခံစာနှင့်ဘဏ္ဍာရေးအစီရင်ခံစာတို့ကိုတင်သွင်းပြီး ညီလာခံကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုပြီးနောက် ပြင်ဆင်ဖြည့်စွက်ချက်များနှင့်အတူ အတည်ပြုခဲ့ကြပါသည်။ ပြီးခဲ့သည့် နဝမအကြိမ်ညီလာခံမှ ချမှတ်ပေးခဲ့သော ၂၀၁၈ - ၂၀၂၂ ခုနှစ်အတွက် မဟာဗျူဟာလုပ်ငန်းစဉ်များအပေါ် ပြန်လည်သုံးသပ်မှုကိုလည်း အလုပ်အမှုဆောင်ကော်မတီက ဦးဆောင်ပြုလုပ်ခဲ့ပြီး ညီလာခံကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုပြီးနောက် ဖြည့်စွက်ချက်များနှင့်အတူ အတည်ပြုခဲ့ကြပါသည်။ လက်ရှိ မြန်မာနိုင်ငံဆေးပညာရှင်များအသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကိုလည်း ဆွေးနွေးပြင်ဆင် အတည်ပြုခဲ့ပြီး ၂၀၂၁ - ၂၀၂၃ ခုနှစ်သက်တမ်းအတွက် အလုပ်အမှုဆောင်ကော်မတီကိုလည်း ဒီမိုကရေစီနည်းလမ်းဖြင့် မဲပေးရွေးချယ်တင်မြောက် ခဲ့ကြပါသည်။

၁၉၉၁ခုနှစ် ဇွန်လ ၈ ရက်နေ့တွင် ကရင်ပြည်နယ်၊ မာနယ်ပလောဒေသ၌ စတင်ဖွဲ့စည်းခဲ့သည့် လွတ်လပ်သောလူထုအခြေပြုကျန်းမာရေးအဖွဲ့အစည်းဖြစ်သည့် မြန်မာနိုင်ငံဆေးပညာရှင်များအသင်းသည် **ကျန်းမာရေးကိုလူ့အခွင့်အရေးအဖြစ် အပြည့်အဝ တန်ဘိုးထားလေးစားသော** ကျန်းမာသည့်လူမှုဝန်းကျင်တရပ်ပေါ်ထွန်းရေးအတွက် **"ပဏာမကျန်းမာရေး စောင့်ရှောက်မှု"** ဖြင့် ပြည်သူတရပ်လုံး လက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းတရပ်ကိုရရှိအောင် အကောင်အထည်ဖေါ်ဆောင်ရွက်သွားရန် ဦးတည်ချက်ချမှတ်ထားပြီး ပြည်သူလူထု၏ ကျန်းမာရေးလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရန်၊ ကျန်းမာရေးကိုမြှင့်တင်ရန်နှင့် ကျန်းမာရေးလုပ်သားများကို အကာအကွယ်ပေးရန်အတွက် တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ၊ လူထုအခြေပြုကျန်းမာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သလို ဆက်လက်ပြီးလက်တွဲလုပ်ဆောင်သွားရန် ဆုံးဖြတ်ခဲ့ကြပါသည်။

လက်ရှိ စစ်အာဏာရှင်စနစ်ကြောင့် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွါးရေး၊ ပညာရေးအခြေအနေများ ပိုမိုဆိုးဝါးလာသည်နှင့်အတူ ကျန်းမာရေးအခြေအနေလည်း အလွန်စိုးရိမ်ဖွယ်ကောင်းသည့်အခြေအနေသို့ ရောက်ရှိနေပါသည်။ ပြည်သူတရပ်လုံး ခွဲခြားမှုမရှိဘဲ ကျန်းမာရေးစောင့်ရှောက်မှုကို အမြင့်မားဆုံး ရယူခံစားနိုင်ရေးအတွက် ကောင်းမွန်သော အမျိုးသားကျန်းမာရေးမူဝါဒနှင့် မျှတသော ကျန်းမာရေးစောင့်ရှောက်မှုစနစ်တရပ်ရှိရန် လိုအပ်ပြီး ထိုသို့ရရှိရန်အတွက်လည်း လူမျိုးစုတိုင်းရင်းသားအားလုံး တိုက်ပွဲဝင်နေသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုပေါ်ထွန်းရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရေးတို့ မလွဲမသွေ လိုအပ်သည်ဟု မြန်မာနိုင်ငံ ဆေးပညာရှင်များအသင်းက လေးနက်စွာ ခံယူကြောင်း ထုတ်ပြန်ကြေငြာလိုက်ပါသည်။

###

သတင်းအချက်များ ပိုမိုသိလိုပါက အောက်ပါ တာဝန်ရှိပုဂ္ဂိုလ်များကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(၁) ဒေါက်တာ စင်သီယာမောင် - + ၆၆၈၉ ၉၆၁ ၅၀၅၄

(၂) နိုင်အေးလွင် - + ၆၆၉၇ ၉၂၅ ၅၈၈၅